EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၄)၊ စက်တင်ဘာလ (၁၃) ရက်၊ ၂၀၁၆

## ယခင် ရန်ကုန်တိုင်းဒေသကြီးအစိုးရလက်ထက်နှင့် ကွာခြားမှု မရှိဟု တိုင်းဒေသကြီး အစိုးရသစ်အပေါ် ဒေါ်စန္ဒာမင်း ဝေဖန်

စက်တင်ဘာ ၇၊ ၂၀၁၆

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းလွှတ်တော်၏ အခန်းကဏ္ဍကို မေးမှိန်အောင်လုပ်နေပြီး ယခင်အစိုးရနှင့် ကွာခြားမှုမရှိဟု ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက ဝေဖန်ပြောဆိုလိုက်သည်။ တိုင်းအစိုးရအနေဖြင့် အများနှင့်သက်ဆိုင်သော စီမံကိန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော် ကော်မတီများထံ တင်ပြလေ့ မရှိမှုအပေါ် ၎င်းက အထက်ပါအတိုင်း ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

"လွှတ်တော်ဆိုတာ အစိုးရကို ထိန်းကျောင်းဖို့ သဘောဖြစ်တယ်။ ကျွန်မတို့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၅၁ မှာ ပါပြီးသားပါ။ တိုင်းဒေသကြီး အစိုးရကနေ အကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်း စီမံကိန်းတွေကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုချက် ရယူရမယ်ဆိုတာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ ပါပြီးသား။ ရန်ကုန်တိုင်း ဒေသကြီး အတွင်းမှာ ပြုလုပ်မယ့် စီမံကိန်းအကြီးကြီးတွေမှာ ပြည်သူတွေနဲ့ တိုက်ရိုက် သက်ဆိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ မြို့နယ်အားလုံးနဲ့သက်ဆိုင်တဲ့ စီမံကိန်းတွေဆို လွှတ်တော်ကို တင်ပြပြီး လွှတ်တော်ရဲ့အတည်ပြုချက်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးပြီးတော့မှ အတည်ပြုချက် ရယူဖို့က အရေးကြီးတယ်။

ဒါပေမဲ့ အခုအချိန်ထိ ရန်ကုန်တိုင်းမှာ အရေးကြီးဆုံးဖြစ်တဲ့ မြို့သစ်စီမံကိန်းတွေလိုမျိုးဆိုရင် ကျွန်မတို့ကို သေသေချာချာ ရှင်းပြထားတာ မရှိဘူး။ ဘယ်အချိန်မှာ မြို့သစ်စီမံကိန်းကို စလုပ်ဖို့ရှိတယ်။ ဘယ်လိုပုံစံနဲ့ ရေးဆွဲထားတယ်။ ဘာတွေပါမယ် ဆိုတာကအစ ဘာတစ်ခုမှ သိထားတာ မရှိဘူး။ လယ်ယာမြေတွေကို သိမ်းမှာလား။ မြေသိမ်းခွင့် ထုတ်ပြီး စီမံကိန်းစမှာလားဆိုတာ ကျွန်မတို့လည်း သိချင်တာပေါ့"ဟု ဒေါ်စန္ဒာမင်းက ဝေဖန်ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက ယခင် အစိုးရ လက်ထက်က ချမှတ်ထားခဲ့သော ရန်ကုန်မြို့သစ်စီမံကိန်းအပါအဝင် ယခုအစိုးရလက်ထက်တွင် အကောင်အထည်ဖော်မည့် ရန်ကုန်ဘတ်စ်ကားအများပိုင်စီမံကိန်း ကိစ္စများနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မည့်စီမံကိန်းများကို တင်ပြခြင်း မရှိကြောင်း ပြောသည်။

အဆိုပါ လုပ်ရပ်များသည် ယခင်အစိုးရလက်ထက်နည်းတူ ပွင့်လင်းမြင်သာမှုမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း သိရသည်။ "တချို့စီမံကိန်းတွေဆိုရင် ဂျာနယ်တွေမှာပါလာမှ သိရတာရှိတယ်။ ပြည်သူတွေက မေးတဲ့အခါမှာ ကျွန်မတို့မှာမသိဘူး ဖြစ်နေတယ် " ဟု ၎င်းက ဆက်လက်ပြောသည်။



(ဓာတ်ပုံ - Tomorrow ဂျာနယ်)

ယခုကဲ့သို့ တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်ကဏ္ဍ ချိတ်ဆက်မှု မရှိသည့်အပေါ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကာ ဆက်လက် ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ထပ်မံ ပြောကြားသည်။

*(ကိုးကား - Tomorrow ဂျာနယ်မှ ကောက်နုတ်တင်ပြသည်)*

## သတင်းဓာတ်ပုံ



ဓာတ်ပုံ - ဦးချန်တန်ခင်_နောင်မွန်း(၁) _မဲဆန္ဒနယ် Facebook Page

စက်တင်ဘာလ ၇ ရက်နေ့ ခါကာဘိုရာဇီဒေသ World heritage သတ်မှတ်ရေး ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် UNESCO မှ Heater A.Peters,Ph.D တို့တွေ့ဆုံစဉ်။

# ရှမ်းပြည်နယ်လွှတ်တော်ရုံးသစ်ကို လက်ရှိလွှတ်တော်ရုံး အနောက်ဘက်တွင် တည်ဆောက်ရန် စီစဉ်




စက်တင်ဘာလ ၆၊ ၂၀၁၆

ရှမ်းပြည်နယ်လွှတ်တော်ရုံးအသစ်တည်ဆောက်မည့် မြေနေရာ သတ်မှတ်ထားမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စက်တင်ဘာလ ၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီး လက်ရှိပြည်နယ်လွှတ်တော်ရုံး၏ အနောက်ဘက်ရှိ မြေနေရာကို သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ထပ်မံရွေးချယ်သတ်မှတ်ထားသည့် မြေနေရာသည် တောင်ကြီးမြို့နယ် သစ်တောရပ်ကွက် အိမ်တော်လမ်းဘက်ခြမ်းရှိ ရှမ်းပြည်နယ်လွှတ်တော်ရုံးအနောက်ဘက် မြေနေရာဖြစ်ပြီး ယင်းမြေနေရာတွင် သစ်ပင်ကြီးလေးပင်၊ သစ်ပင်ခြောက်နစ်ပင်နှင့် သစ်ပင်သေးတစ်ပင်တို့သာ ပါဝင်သည့်အတွက် ထိခိုက်မှုအနည်းဆုံးနေရာဖြစ်သည်ဟု ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြောသည်။

ပြည်နယ်အစိုးရက တောင်ကြီးမြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ယခင်တည်ဆောက်မည့်နေရာကို ကန့်ကွက်ခဲ့သည့် အဖွဲ့များနှင့် သတင်းမီဒီယာများကို စက်တင်ဘာ ၅ ရက်တွင် ဖိတ်ကြား၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ရှင်းလင်းပြသခဲ့ခြင်း ဖြစ်သည်။

မူလက ရွေးချယ်ထားသည့် မြေနေရာတွင် နှစ်ရှည်ထင်းရှူးပင်များ ပါဝင်နေခြင်းကြောင့် ဒေသခံများက ဝိုင်းဝန်းကန့်ကွက်ခဲ့သဖြင့် ထိခိုက်မှု အနည်းဆုံးနေရာကို ရွေးချယ်၍ မြေနေရာသတ်မှတ်ပေးထားခြင်း ဖြစ်သည်ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ပေးခဲ့သည့် ပြည်နယ်လွှတ်တော်ရုံးသစ်တည်ဆောက်မည့် မြေနေရာသည် သစ်ပင်ကြီးများ နည်းပါးသည့်အတွက် ဒေသခံများဘက်မှလည်း ကန့်ကွက်ရန်မရှိဘဲ သဘောတူသည်ဟု ရှင်သန်ရာကမ္ဘာမြေအစိမ်းရောင်ကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီကျော်က ပြောသည်။

*(ကိုးကား www.7daydaily.com)*

# ဧရာဝတီကမ်းလွန် ထောက်ပံ့ပို့ဆောင်ရေး စီမံကိန်း တိုင်းလွှတ်တော်တွင် တင်ပြ

စက်တင်ဘာ ၇၊ ၂၀၁၆

စက်တင်ဘာလ ၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ကုန်ကျမည်ဟု လျာထားသည့် ငရုတ်ကောင်းဒေသ ဧရာဝတီကမ်းလွန်ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်း အစီအစဉ်ကို တင်ပြခဲ့သည်။ SIM ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ တင်ပြခဲ့ကြောင်း၊ MIC မှ လုပ်ထုံးလုပ်နည်းနှင့် အညီ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တိုင်းလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

“စီမံကိန်းဖော်ပြချက်မှာ အကျယ်တဝင့်မပါဘူး အကျဉ်းချုပ် ဖြစ်နေပါတယ်၊ ကောင်းကျိုးတွေပဲဖော်ပြထားတယ်၊ ဘေးထွက်ဆိုးကျိုးတွေကို မဖော်ပြထားဘူး၊ စီမံကိန်းတစ်ခုမှာ ဆိုးကျိုး၊ ကောင်းကျိုးဆိုတာ ဒွန်တွဲနေမှာပါ၊ ပြည်သူတွေရဲ့သဘောထားက အရေးကြီးပါတယ်၊ ကျွန်တော်တို့ အနေနဲ့ ပြည်သူကိုချပြပြီး သဘောထားတွေရယူဖို့ လိုအပ်ပါတယ်” ဟု ငပုတော မဲဆန္ဒနယ်အမှတ် (၁) ကိုယ်စားလှယ် ဦးဖြိုးဇော်ရွှေက ပြောဆိုသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ တင်ပြလာသည့် SIM ကုမ္ပဏီ၏ အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ စီးပွားရေးနှင့် ကုန်ထုတ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လေ့လာစိစစ်၍ တွေ့ရှိချက်များကို စက်တင်ဘာလ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြရန် လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ညွှန်ကြားထားကြောင်း သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

ပြည်နယ်နှင့်
တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်
မြန်မာသုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
---------
၀၉ ၂၆၀၀၀၇၅၁၉

www.emref.org
www.facebook.com/emrmyanmar

## သတင်းတို

➤ သုံးလခန့် ရပ်နားထားသည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးများကို စက်တင်ဘာ ၂၈ ရက်နေ့တွင် ပြန်လည်ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမေးမြန်းမည့် မေးခွန်းများပြားခြင်းကြောင့် အစည်းအဝေးကျင်းပရန် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်နိုင်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ကပြောသည်။

*( ကိုးကား - 7 Day Daily မှ ကောက်နုတ်တင်ပြသည်)*

---

➤ ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို စက်တင်ဘာ ၆ ရက်နေ့တွင် ကျင်းပရာ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေးကိစ္စများ အပါအဝင် မေးခွန်း ၁၄ ခု မေးမြန်းပြီး ကယားအမျိုးသားစာပေ ယဉ်ကျေးမှုကော်မတီမှ ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းဥပဒေကို အတည်ပြုရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ ယခင်ပြည်နယ်အစိုးရလက်ထက် ပြည်နယ်အထိမ်းအမှတ်နေ့ကျင်းပရာမှ ရရှိထားသည့် ရန်ပုံငွေရ/သုံးငွေ စာရင်းဇယားများနှင့် ပိုလျှံရန်ပုံငွေများအား လက်ရှိပြည်နည်အစိုးရသို့ လွှဲပြောင်းပေးရန်နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပြန်လည်ပေးသွင်းရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

*(ကိုးကား - www.tachileik.net မှ ကောက်နုတ်)*

---

➤ စက်တင်ဘာလ ၇ ရက်နေ့တွင် ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ကျင်းပပြုလုပ်ရာ ၂၀၁၆-၂၀၁၇ ခုနှစ် ကရင်ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ် ကရင်ပြည်နယ်ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခဲ့ပါသည်။

ဒုတိယနေ့အစည်းအဝေးတွင် အဆိုပါ ရသုံးမှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်းကို ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ကိုယ်စားလှယ် ဦးမင်းကိုခိုင် နှင့် မြဝတီမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ကိုယ်စားလှယ် ဦးသန့်ဇင်အောင်တို့မှ ဆွေးနွေးခဲ့ကြပါသည်။

*(ကိုးကား - Kayin State Hluttaw Facebook Page)*

---

EMReF Enlightened Myanmar Research Foundation
သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

### ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေပြုရေးကော်မတီ | ၄ | ၁ | – | ၅ |
| ၂။ | တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီ | ၄ | ၁ | – | ၅ |
| ၃။ | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၄ | ၁ | – | ၅ |
| ၄။ | နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် အထူးကိစ္စရပ်များ ကြားနာစုံစမ်းရေးအဖွဲ့ | ၅ | – | – | ၅ |
| ၅။ | လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းအဖွဲ့ | ၄ | ၁ | – | ၅ |
| ၆။ | ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေရေးရာနှင့် အခြားကိစ္စရပ်များဆိုင်ရာ အကြံပေးအဖွဲ့ | – | – | ၁၇ | ၁၇ |
| ၇။ | စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများအဖွဲ့ | ၅ | – | – | ၅ |
| ၈။ | ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုမြှင့်တင်ရေးအဖွဲ့ | ၄ | ၁ | – | ၅ |
| ၉ ။ | လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းအဖွဲ့ | ၄ | ၁ | – | ၅ |
| ၁၀။ | ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊လျှပ်စစ်နှင့် စက်မှုလက်မှု လုပ်ငန်းအဖွဲ့ | ၄ | ၁ | – | ၅ |

### ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | စုစုပေါင်း |
| ၁။ | ပြည်သူ့ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေး ကော်မတီ | ၂ | – | ၉ | ၁၁ |

မှတ်ချက်
ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော်၏ ကော်မတီများကို သတင်းစာစဉ် အမှတ် (၁၂) တွင် ဖော်ပြပြီးဖြစ်သည်။ အထက်ပါဇယားသည် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော်၏ တတိယပုံမှန်အစည်းဝေး ပထမနေ့ (စက်တင်ဘာ ၆ ရက်နေ့) နှင့် ဒုတိယနေ့တို့တွင် ဖွဲ့စည်းအတည်ပြုလိုက်သော ကော်မတီ၏ ဖွဲ့စည်းပုံဖြစ်သည်။

သတင်းစာစဉ် အမှတ် - ၁၃ တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ် လွှတ်တော်များရှိ ရေးရာ ကော်မတီများကို ထည့်သွင်းဖော်ပြခဲ့သည်။

---

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ရေးရာကော်မတီများကို အလျဉ်း သင့်သလို ဆက်လက် ဖော်ပြပေး သွားပါမည်။

အချက်အလက် အရင်းအမြစ် EMReF